# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး

## နဝမနေ့ အစီအစဉ်

## [ ၅ - ၆ - ၂၀၁၇ ]

## (တနင်္လာနေ့)

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် နဝမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးဖြစ်သော မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များတွင် ရခိုင်ပြည်နယ်အနှံ့ နေထိုင်လျက်ရှိသော ရခိုင်တိုင်းရင်းသားများကို စုဆောင်းပြီး ရေတို၊ ရေရှည် စီမံကိန်းများချမှတ်၍ စဉ်ဆက်မပြတ် ရခိုင်တိုင်းရင်းသားကျေးရွာများ တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့၌ နွေရာသီတွင် ရေရှားပါးသည့်ပြဿနာ နှစ်စဉ် ကြုံတွေ့နေရသဖြင့် သောက်သုံးရေနှင့် မီးဘေးအန္တရာယ် ကာကွယ်ရန် လုံလောက်သော ရေရရှိရေးအတွက် ဘုတ်ပြင်းမြို့မှ (၇)မိုင် အကွာအဝေးတွင် ရှိသော သဲဖြူချောင်းဖျားမှ စိမ့်စမ်းရေ သွယ်ယူပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **မြန်မာတစ်နိုင်ငံလုံးရှိ ပုဂ္ဂလိက စက်သုံးဆီဆိုင် အများစုတွင် ရောင်းချနေသော စက်သုံးဆီများသည် အရည်အသွေး ပြည့်မီမှု မရှိကြောင်း ပြည်သူလူထုထံမှ ကြားသိနေရပါသဖြင့် စက်သုံးဆီ အရောင်းဆိုင်များကို စစ်ဆေးအရေးယူပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **မကွေးတိုင်းဒေသကြီး၊ ချောက်မြို့တွင် တည်ဆောက်ထားသော 132/66 KV, 40 MVA ဓာတ်အားခွဲရုံ၊ ချောက်မြို့မှ စလေကို ဖြတ်သန်းသွားသော ချောက်-ရေနံချောင်းမြို့ချင်းဆက်လမ်းအတိုင်း 66 KV Line သွယ်တန်းပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၊ ဖာပွန်မြို့တွင် မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အား သုံးစွဲခွင့်ရရှိနိုင်ရေးအတွက် နိုင်ငံတော်က မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့်** စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **ဇောတိက (PTTEP) ကုမ္ပဏီမှ သဘာဝဓာတ်ငွေ့ ပိုက်လိုင်း သွယ်တန်းပြီး ရဲတံခွန်ပိုက်လိုင်းနှင့် ဇောတိကပိုက်လိုင်းနှစ်လိုင်းကြား ဥယျာဉ်ခြံ တောင်သူများ လုပ်ကိုင်စားသောက်ခွင့် မရတော့သော သီးပင်စားပင်များအား ယခင် ရတနာ (TOTAL)သဘာဝဓာတ်ငွေ့ကုမ္ပဏီနှင့် ရဲတံခွန် (PETRONAS) သဘာဝဓာတ်ငွေ့ ကုမ္ပဏီများကဲ့သို့ သစ်ပင်တန်ဖိုး၏ သုံးနှစ်စာ နစ်နာကြေး/ လျော်ကြေးအဖြစ် ပေးနိုင်ခြင်း ရှိ/မရှိ ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြား ရှင်းလင်းခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် ဒသမနေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။